
# တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၅ ခုနှစ်

## တရားရုံးနှစ်စဉ်အစီရင်ခံစာ




၂၀၂၅
CASE REVIEW
နှစ်စဉ် အစီရင်ခံစာ



တိုင်းဒေသကြီးအတွင်းရှိ တရားရုံး
စုစုပေါင်း ၁၅ ရုံး


တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီး/တရားရေးအရာရှိ
စုစုပေါင်း ၃၃ ဦး





တိုင်းဒေသကြီးတစ်ခုလုံးအမှုပြီးပြတ်မှုနှုန်း
ရာဇဝတ်၁၀၀ % ၊ တရားမ ၁၁၉ %

| | |
|---|---|
| ရုံးခွန် | ၆၀,၉၁၅,၈၁၈ ကျပ် |
| ဒဏ်ငွေ | ၂၂၄,၄၄၀,၀၀၀ ကျပ် |





(Virtual Online)ဖြင့်
ဆက်သွယ်ဆောင်ရွက်မှု (၁၃) ကြိမ်



တိုင်ကြားစာ (၄)စောင် ၊ အသနားခံစာ(၅)စောင်၊
လိပ်မူတင်ပြစာ (၄)စောင်၊ မိတ္တူပေးပို့ အသနားခံစာ
(၄)စောင်၊ မိတ္တူပေးပို့တင်ပြစာ (၃)စောင်

အကျဉ်းထောင် ၊ ရဲဘက်စခန်းနှင့်
အချုပ်ခန်း (၇)ခုသို့ သွားရောက်စစ်ဆေးခဲ့





သီးသန့်တရားရုံးများတွင် စစ်ဆေးခဲ့သည့်အမှု(၁၆)မှု၊
ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ (၃)ဦး

စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းရေး
ဆောင်ရွက်နိုင်ခဲ့သော အမှုစုစုပေါင်း (၁၄)မှု၊
အောင်မြင်မှု ၅၀ %



# မာတိကာ


တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၏ ဥယျောဇဉ် I-ii

တရားစီရင်ရေး၏ ရည်မှန်းချက် ၊ လုပ်ငန်းတာဝန်များ နှင့် တန်ဖိုးများ Iii

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် iv

အပိုင်း(၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

၁.၁ တရားစီရင်ရေးဆိုင်ရာအခြေခံမူများ ၁

တရားရုံးများဖွဲ့စည်းပုံ

၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခွင့်အာဏာနှင့် တရားရုံးများဖွဲ့စည်းပုံ ၁-၂

၁.၂.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် ၂-၄

၁.၂.၁.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ ၅

၁.၂.၁.၂ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် တာဝန်ထမ်းခဲ့သော တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ ၆

၁.၂.၁.၃ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာများ ၇

၁.၂.၂ ခရိုင်တရားရုံးများ ၇

၁.၂.၂.၁ ခရိုင်တရားရုံးများရှိ တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများ ၇-၈

၁.၂.၃ မြို့နယ်တရားရုံးများ ၈

၁.၂.၃.၁ မြို့နယ်တရားရုံးများရှိ တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများ ၈-၉

၁.၂.၄ ကလေးသူငယ်တရားရုံးများ ၉

တရားရုံးစီမံခန့်ခွဲမှု

၁.၃ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၉-၁၀

၁.၃.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ဖွဲ့စည်းပုံ ၁၀

၁.၃.၁.၂ တရားရုံးများစစ်ဆေးကြည့်ရှုခြင်း ၁၁

၁.၄ ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၁၂

## အပိုင်း(၂)

## ၂၀၂၄ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ


| | | |
|---|---|---|
| ၂.၁ | တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၁၃ |
| ၂.၂ | သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း | ၁၃ |
| ၂.၃ | တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်ချက်များ | ၁၃ |
| | ၂.၃.၁ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ | ၁၄ |
| | ၂.၃.၂ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးသော အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ | ၁၄ |
| | ၂.၃.၃ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၁၄ |
| ၂.၄ | မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးအာဏာများအပ်နှင်းခြင်း | ၁၄-၁၅ |
| ၂.၅ | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးပြီးစီးမှုအခြေအနေ | ၁၅ |
| ၂.၆ | လူ့စွမ်းအားအရင်းအမြစ်များ | ၁၅ |
| | ၂.၆.၁ လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ | ၁၆ |
| | ၂.၆.၂ ပြည်ပအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်မည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ | ၁၇ |


### တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေး အဆင်ပြေစေရန် ဆောင်ရွက်ခြင်း


| | | |
|---|---|---|
| ၂.၇ | တရားရုံးအသစ်များဆောက်လုပ်ခြင်း | ၁၇-၁၈ |
| | ၂.၇.၁ တနင်္သာရီတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ခွဲဝေပေးသည့် လုပ်ငန်းများအတွက် ဆောင်ရွက်ခြင်း | ၁၉ |
| ၂.၈ | တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း | ၁၉ |
| | ၂.၈.၁ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ | ၁၉ |
| | ၂.၈.၂ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေး များရရှိရေး ဆောင်ရွက်ခြင်း | ၂၀ |


### ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံခြင်း


| | | |
|---|---|---|
| | ၂.၈.၃ ရုံးခွန် | ၂၁ |
| | ၂.၈.၄ ဒဏ်ငွေ | ၂၁ |

၂.၉ တရားစီရင်ရေးဆိုင်ရာအသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ချက်များ ၂၁

၂.၉.၁ တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း ၂၁

၂.၉.၂ သက်သေများအား ဗီဒီယိုကွန်ဖရင့်စနစ် (Video Conferencing System ) ဖြင့်စစ်ဆေးစီရင်ခြင်း ၂၂

၂.၉.၃ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များထုတ်ပြန်ခြင်း (The Commercial Judgement System – CJS) ၂၂

၂.၉.၄ တရားစီရင်ထုံးအကြောင်းအရာများ ရှာဖွေခြင်းစနစ် (Ruling Content Management System -RCMS) ၂၂

၂.၉.၅ တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ဝေခြင်း ၂၂

## အပိုင်း(၃)
## တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

၃.၁ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၂၃-၂၅

၃.၂ တိုင်းဒေသကြီးတရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၂၅-၂၆

၃.၂.၁ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၂၆

၃.၂.၂ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၂၇-၂၈

၃.၃ ၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများနှင့် တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက် ၂၉

၃.၃.၁ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများနှင့် တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက် ၂၉-၃၀

၃.၃.၂ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများနှင့် တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက် ၃၀-၃၁

၃.၄ ၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများနှင့် တရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက် ၃၁

၃.၄.၁ ၂၀၂၅ ခုနှစ် အတွင်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများနှင့် တရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက် ၃၂

၃.၄.၂ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ နှင့် တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက် ၃၂-၃၃

၃.၅ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံ တက်ရောက်မှုနှုန်း ၃၃-၃၄

၃.၅.၁ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံ တက်ရောက်မှုနှုန်း ၃၄-၃၅

၃.၆ မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု ၃၅-၃၆

၃.၇ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများ အရ စွဲဆိုမှု များ ၃၆

၃.၈ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှုများ ၃၆

၃.၉ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများအရ စွဲဆိုမှုများ ၃၇

၃.၁၀ အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၃၇-၃၈

၃.၁၁ ၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ အထိ မြန်မာ့စီးပွားရေးဘဏ်ဇာရီမှုများ အကောင်အထည် ဖော် ဆောင်ရွက်မှု အခြေအနေ ၃၈-၃၉

## အပိုင်း(၄)

## တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)တွင် ဆောင်ရွက်ရန် လျာထားချက်များ

၄.၁ မဟာဗျူဟာစီမံကိန်း ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၄)၏ အောင်မြင်မှုများ ၄၀

၄.၂ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅)တွင်ဆောင်ရွက်ရန် လျာထားချက်များ ၄၀

# နောက်ဆက်တွဲများ


| | |
|---|---|
| တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာများ | နောက်ဆက်တွဲ(က) |
| တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်တရားရုံးများ၏ မြေဂရန်/ အခမဲ့ မြေလွှဲမိန့် ရရှိမှု အခြေအနေ | နောက်ဆက်တွဲ(က-၁) |
| တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိခရိုင်၊ မြို့နယ်တရားရုံးများ၏ ဝန်ထမ်းအိမ်ရာမြေနေရာမြေဂရန်/ အခမဲ့ မြေလွှဲမိန့် ရရှိမှု အခြေအနေ | နောက်ဆက်တွဲ(က-၂) |
| ၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ အတွင်း သီးသန့်တရားရုံးများတွင် စစ်ဆေးခဲ့သည့် အမှုအရေအတွက် | နောက်ဆက်တွဲ(ခ) |
| ၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ အတွင်း သီးသန့်တရားရုံးများတွင် စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ | နောက်ဆတ်တွဲ(ခ-၁) |
| ၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ ထိ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်တရားရုံးများရှိရာထူးအဆင့် အလိုက်ဝန်ထမ်းအင်အားစာရင်း | နောက်ဆက်တွဲ(ဂ) |
| ၁-၁-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ ထိ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်တရားရုံးများရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း | နောက်ဆက်တွဲ(ဃ) |
| ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ | နောက်ဆက်တွဲ(င) |

# တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၏ ဥယျောဇဉ်



**“တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး”**ဟူသော ဆောင်ပုဒ်နှင့်အညီ ရေးဆွဲထားသည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ဆောင်ရွက်ခဲ့သည့် တရားစီရင်ရေးဆိုင်ရာအခြေအနေများကို တရားရုံးအသုံးပြုသူများသာမက အများပြည်သူကပါ သိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ဤတရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးချုပ်အပါအဝင် တရားသူကြီးများအနေဖြင့် **“တရားစီရင်ရာတွင် မိမိသက်တမ်းကာလအတွင်း ဖြောင့်မှန်သောတရားစီရင်ရေးစနစ်ထွန်းကားလာစေရန်အတွက် လာဘ်မစား၊ လာဘ်မယူသန့်ရှင်းဖြူစင်စွာဖြင့်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း”**ကတိပြုလက်မှတ်ရေးထိုး၍ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် ကြော်ငြာထားပြီး ယင်းကတိကဝတ်အတိုင်း တရားစီရင်ရေးလုပ်ငန်းများကို ဖြောင့်မတ်တည်ကြည်စွာ လိုက်နာစောင့်ထိန်းခြင်းဖြင့် ပြည်သူများတရားစီရင်ရေးစနစ်အပေါ်ယုံကြည်ကိုးစားလာစေရန် စံနမူနာပြအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဤတရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ၂၀၂၅ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီး ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရသစ်တစ်ရပ်ဖော်ဆောင်၍ နိုင်ငံကို အကောင်းဆုံးတည်ဆောက်ရမည်ဖြစ်ရာ ၂၈-၁၂-၂၀၂၅နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း(၁၅၇)ဦးဆန္ဒမဲပေးနိုင်ခဲ့ကြောင်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါ သည်။

မိမိတိုင်းဒေသကြီးအတွင်းရှိ ရှေ့နေများနှင့်ဆက်သွယ်ဆောင်ရွက်နေသည့် အမှုသည်ပြည်သူများက ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ သတ်မှတ်ထားသော တန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို ပြုလုပ်လာပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့သတင်းပို့ရန် သတင်းပို့ပုံစံများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများက ရှေ့နေ ၁၂၂ဦးအား ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်က

လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်နိုင်ရေး ရည်ရွယ်လုပ်ဆောင်နိုင်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ၊ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် တိုင်းဒေသကြီး တရားလွှတ်တော်က သင်တန်းများပေး၍ လေ့ကျင့်သင်ကြားပေးသည့် အစီအမံများကို တရားရုံးနှစ်စဉ် အစီရင်ခံစာတွင် ဖော်ပြထားရှိပါသည်။ ထို့အပြင် တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားစီရင်ရေး ဆိုင်ရာ သတင်းများ၊ ကြိုတင်အမှုခေါ်စာရင်း၊ စီရင်ချက်ချမှတ်မည့်အမှုများ၊ ရုံးခန်းတွင်းနှင့် ရုံးထိုင် ဆောင်ရွက်ချက်များကို အချိန်နှင့်တပြေးညီအများပြည်သူသိရှိနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် Website တွင်လည်း ထုတ်ပြန်ပေးလျက်ရှိသည်ကို နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြ ထားပါသည်။

မဟာဗျူဟာစီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ တရားရုံး အဆင့်ဆင့်သည် အမှုစစ်ဆေးဆောင်ရွက်ရာတွင် စစ်ဆေးပြီးပြတ်မှုနှုန်း ၁၀၀% ထက် ကျော်လွန်ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါသည်။ မဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ် ဖြစ်သော ၂၀၂၆ ခုနှစ်တွင်လည်း တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်သည် အမှုများစစ်ဆေး စီရင်ရာတွင် အမှုရွှေ့ဆိုင်းနှုန်းနည်းပါး၍ စံသတ်မှတ်ကာလအတွင်း အမှုများပြီးပြတ်စေရေး ဆောင်ရွက် သွားကြရန် ယုံကြည်မျှော်လင့်ပါသည်။

၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေနိုင်ရေးအတွက် ကျရာကဏ္ဍအသီးသီးမှ ပါဝင် ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရေးအဖွဲ့အား ကျေးဇူးတင်ရှိပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများရှိ တရားသူကြီးများ သည် အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တပြေးညီ မှန်ကန်မျှတသည့် အဂတိတရားကင်းစင်သည့် တာဝန်ယူမှု ၊ တာဝန်ခံမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက် သွားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဝဏ္ဏကျော်ထင် ဒေါ်ပိုက်ပိုက်အေး**

**တိုင်းဒေသကြီးတရားသူကြီးချုပ်**

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်** **၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်**

**ထားဝယ်မြို့**



**တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့်တန်ဖိုးများ**

## ရည်မှန်းချက်

- ❖ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- ❖ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- ❖ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ❖ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- ❖ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- ❖ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တန်ဖိုးများ

- ❖ သာတူညီမျှမှုနှင့် တရားမျှတမှု
- ❖ တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- ❖ လက်လှမ်းမီနိုင်မှု
- ❖ မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



## တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အများသိရှိလာစေရန်

# အပိုင်း (၁)

## တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

### ၁.၁ တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး

(၂) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး

(၄) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊

နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး

(၅) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက

ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး

(၆) ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်

စေရေး

(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

### တရားရုံးများဖွဲ့စည်းပုံ

### ၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခွင့်အာဏာနှင့် တရားရုံးများဖွဲ့စည်းပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မဏ္ဍိုင်ကြီး(၃)ရပ်အနက် တရားစီရင်ရေးမဏ္ဍိုင်သည် လွတ်လပ်စွာ သီးခြားရပ်တည်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရား လွှတ်တော်များနှင့် အဆင့်ဆင့်သောတရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ အောက်ဖော်ပြပါတရားရုံးများကို ၃၁-၃-၂၀၁၁ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ

(ဃ) မြို့နယ်တရားရုံးများ

(င) ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

## ၁.၂.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယ အမြင့်ဆုံးတရားရုံးများတွင် တစ်ရုံးပါဝင်ပြီး လက်အောက်ခံတရားရုံးများဖြစ်သည့် ခရိုင်တရားရုံး (၄) ရုံး၊ မြို့နယ်တရားရုံး (၁၀)ရုံး တို့ကို စီမံအုပ်ချုပ်ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သည် ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ ရေးလမ်းတွင် တည်ရှိပြီး မြေရေိယာ(၁.၈၀၁)ဧကအပေါ်တွင် တည်ဆောက်ထားရှိပါသည်။ ၂၃-၈-၂၀၁၁ ရက်နေ့မှ ယနေ့အချိန် အထိ တရားစီရင်ရေးလုပ်ငန်းများနှင့် တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်၏ အရှေ့ဘက်တွင် ရေးလမ်း၊ အနောက်ဘက်တွင် ထားဝယ် မြို့နယ်တရားရုံးနှင့် ထားဝယ်ခရိုင်တရားရုံး၊ တောင်ဘက်တွင် သုခလမ်းသွယ်၊ မြောက်ဘက်တွင် ရေးလမ်းသွယ်တို့ ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံး များ၏ တည်နေရာကို **နောက်ဆက်တွဲ (က)**၊ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး အတွင်း ရှိ ခရိုင်၊ မြို့နယ်တရားရုံးများ၏ မြေဂရန်/ အခမဲ့ မြေလွှဲမိန့် ရရှိမှု အခြေအနေကို **နောက်ဆက်တွဲ (က-၁)၊ (က-၂)**တို့ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိခရိုင်၊ မြို့နယ်တရားရုံးများ၏ ဝန်ထမ်းအိမ်ရာမြေနေရာမြေဂရန်/ အခမဲ့ မြေလွှဲမိန့် ရရှိမှု အခြေအနေကို **နောက်ဆက်တွဲ(က-၃)** ဖြင့်လည်းကောင်း ဖော်ပြထားပါသည်။





တနင်္သာရီတိုင်းဒေသကြီး
တရားလွှတ်တော်

## ခရိုင်တရားရုံး (၄)ရုံး

ထားဝယ်ခရိုင်တရားရုံး





မြိတ်ခရိုင်တရားရုံး

ကော့သောင်းခရိုင်တရားရုံး





ဘုတ်ပြင်းခရိုင်တရားရုံး

# မြို့နယ်တရားရုံး(၁၀)ရုံး



ထားဝယ်မြို့နယ်တရားရုံး



ကျွန်းစုမြို့နယ်တရားရုံး




လောင်းလုံးမြို့နယ်တရားရုံး



ပုလောမြို့နယ်တရားရုံး



သရက်ချောင်းမြို့နယ်တရားရုံး



တနင်္သာရီမြို့နယ်တရားရုံး



ရေဖြူမြို့နယ်တရားရုံး



ကော့သောင်းမြို့နယ်တရားရုံး



မြိတ်မြို့နယ်တရားရုံး



ဘုတ်ပြင်းမြို့နယ်တရားရုံး

### ၁.၂.၁.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၅ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၄ တို့အရ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားလွှတ်တော်တရားသူကြီးချုပ်(၁)ဦး၊ တရားလွှတ်တော်တရားသူကြီး(၂)ဦး၊ စုစုပေါင်း(၃)ဦးတို့ဖြင့် ဖွဲ့စည်းထားရှိပြီး တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။



တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး

၁၉-၅-၂၀၂၀ ရက်နေ့မှ ယနေ့အထိ



တရားသူကြီး ဒေါ်အေးအေးသန်း

၂၁-၄-၂၀၂၁ ရက်နေ့မှ ယနေ့အထိ



တရားသူကြီး ဒေါ်ရင်ရင်သန်း

၁၆-၆-၂၀၂၁ ရက်နေ့မှ ယနေ့အထိ

## ၁.၂.၁.၂ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားလွှတ်တော်တရားသူကြီးချုပ်များ



တရားသူကြီးချုပ် ဦးမြင့်ဝင်း

၃၀-၃-၂၀၁၁ ရက်နေ့မှ ၂-၆-၂၀၁၆ ထိ



တရားသူကြီးချုပ် ဦးတင်အောင်

၂၂-၇-၂၀၁၆ ရက်နေ့မှ ၁၅-၅-၂၀၂၀ ထိ

## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားလွှတ်တော်တရားသူကြီးများ



တရားလွှတ်တော်တရားသူကြီး ဒေါ်ညွန့်ညွန့်ဆွေ

၃၀-၃-၂၀၁၁ ရက်နေ့မှ ၃၀-၄-၂၀၁၆ ထိ



တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်မောင်

၂၉-၉-၂၀၁၆ ရက်နေ့မှ ၁၉-၄-၂၀၂၁ ထိ



တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်မာဌေး

၂၉-၉-၂၀၁၆ ရက်နေ့မှ ၁-၁၁-၂၀၁၇ ထိ



တရားလွှတ်တော်တရားသူကြီး ဒေါ်ချိုမာမြင့်

၂၅-၅-၂၀၂၀ ရက်နေ့မှ ၁-၆-၂၀၂၁ ထိ

### ၁.၂.၁.၃ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၀၆ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈ အရ တိုင်းဒေသကြီးတရားလွှတ်တော်သည် မူလမှုစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ၊ ပင်လယ်ရေကြောင်းအမှု စီရင်ပိုင်ခွင့်အာဏာ ဥပဒေတစ်ရပ်ရပ်အရသတ်မှတ်ထားသောကိစ္စရပ်များကို စီရင်ပိုင်ခွင့်အာဏာများရှိပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်သည် ဥပဒေအရသတ်မှတ်ထားသည့် ရာဇဝတ်မှုလမှုများကို စီရင်ခွင့်ရှိပြီး အမှုတန်ဖိုးငွေ ကျပ်သိန်း ၅၀၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့်အာဏာရှိပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်ရှိ အမှုများကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်သည် တိုင်းဒေသကြီးအတွင်းရှိ လက်အောက်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

### ၁.၂.၂ ခရိုင်တရားရုံးများ

ခရိုင်တရားရုံးများသည် တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်၌ရှိပြီး ခရိုင်တရားရုံး ရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးစီရင်ပါသည်။

ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့၏ စီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

### ၁.၂.၂.၁ ခရိုင်တရားရုံးများရှိ တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများ

ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများသည် ဥပဒေက ခွင့်ပြုသော မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာများရှိပါသည်။

ခရိုင်တရားသူကြီးများနှင့် တွဲဖက်ခရိုင်တရားသူကြီးများသည် တန်ဖိုးငွေ ကျပ်သိန်း ၅၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများ ၊ ဒုတိယခရိုင်တရားသူကြီးများသည် တန်ဖိုးငွေ ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိပါသည်။

၂၀၂၅ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော ခရိုင်တရားသူကြီးများ

| | | | | | |
|---|---|---|---|---|---|
| **ထားဝယ်ခရိုင်တရားရုံး** | **ဦးသန်းနိုင်ထွေး** | တ/၂၆၄၉ | ၂၁-၃-၂၀၂၄ | မှ | ၁၇-၁၁-၂၀၂၅ |
| | ဦးထင်ကျော် | တ/၂၆၆၀ | ၁၇-၁၁-၂၀၂၅ | မှ | ယနေ့အထိ |
| **မြိတ်ခရိုင်တရားရုံး** | ဒေါ်စုစန္ဒာဝင်း | တ/၂၃၃၂ | ၂၄-၉-၂၀၂၄ | မှ | ယနေ့အထိ |
| **ကော့သောင်းခရိုင်တရားရုံး** | ဦးချစ်ကိုကို | တ/၂၇၀၅ | ၂၃-၉-၂၀၂၄ | မှ | ယနေ့အထိ |
| **ဘုတ်ပြင်းခရိုင်တရားရုံး** | ဦးကြည်ယု | တ/၃၀၆၇ | ၆-၃-၂၀၂၄ | မှ | ယနေ့အထိ |

## ၁.၂.၃ မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးများသည် မူလရုံးများဖြစ်ပြီး မြို့နယ်တရားရုံးတိုင်းတွင် မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ကို တရားရုံးဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ထားရှိပါသည်။

မြို့နယ်တရားရုံးများသည် ရာဇဝတ်မှုနှင့် တရားမမှု နှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်အာဏာရှိပါသည်။ မြို့နယ်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးတည်းဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

### ၁.၂.၃.၁ မြို့နယ်တရားရုံးများရှိ တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးများရှိ မြို့နယ်တရားသူကြီးများနှင့် အထူးအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၇)နှစ်အထိနှင့် အကန့်အသတ်မရှိငွေဒဏ်၊ ပထမတန်းအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများနှင့် ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၃)နှစ်အထိနှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ိ/-အထိ ၊ ဒုတိယတန်းအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများနှင့် ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၁)နှစ်အထိ နှင့် ငွေဒဏ်ကျပ် ၅၀၀၀ဝိ/- အထိ၊ တတိယတန်းအာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၃)လအထိနှင့် ငွေဒဏ်ကျပ် ၃၀၀၀ဝိ/- အထိ ချမှတ်နိုင်သည့် ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပါသည်။

မြို့နယ်တရားသူကြီးများနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား တန်ဖိုးငွေကျပ် သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု (သို့မဟုတ်) မူလမှုခင်းများ စီရင်ပိုင်ခွင့်အာဏာ၊ ဒုတိယမြို့နယ်တရားသူကြီးများအား တန်ဖိုးငွေကျပ် သိန်း ၂၀၀ ထက်မပိုသည့် တရားမမူလမှု (သို့မဟုတ်) မူလမှုခင်းများ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပါသည်။

၂၀၂၅ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော မြို့နယ်တရားသူကြီးများ

| | | | | | |
|---|---|---|---|---|---|
| ထားဝယ်မြို့နယ်တရားရုံး | ဒေါ်အိအိဖြိုးဇော် | တ/၃၃၆၉ | ၂၇-၂-၂၀၂၄ | မှ | ယနေ့အထိ |
| လောင်းလုံးမြို့နယ်တရားရုံး | ဒေါ်အိအိဖြိုးဇော် (လောင်းလုံးမြို့နယ် တရားရုံးပူးတွဲတာဝန်) | တ/၃၃၆၉ | ၁-၈-၂၀၂၄ | မှ | ယနေ့အထိ |
| သရက်ချောင်းမြို့နယ်တရားရုံး | ဦးစိန်မြတ်ကြူ | တ/၃၅၀၃ | ၁၉-၅-၂၀၂၃ | မှ | ၂၆-၃-၂၀၂၅ |
| | ဦးငြိမ်းချမ်းအောင် | တ/၃၂၁၂ | ၂၆-၃-၂၀၂၅ | မှ | ယနေ့အထိ |
| ရေဖြူမြို့နယ်တရားရုံး | ဦးကျော်ကျော် | တ/၃၅၈၀ | ၂၆-၆-၂၀၂၃ | မှ | ၁၂-၅-၂၀၂၅ |
| | ဦးကျော်ရဲထက် | တ/၃၅၃၁ | ၁၂-၅-၂၀၂၅ | မှ | ယနေ့အထိ |
| မြိတ်မြို့နယ်တရားရုံး | ဒေါ်ဖြိုးဖြိုးစံ | တ/၃၂၈၄ | ၄-၃-၂၀၂၄ | မှ | ယနေ့အထိ |
| ကျွန်းစုမြို့နယ်တရားရုံး | ဦးမျိုးမင်းထွေး | တ/၃၅၈၁ | ၁-၃-၂၀၂၄ | မှ | ၁၁-၂-၂၀၂၆ |
| | ဦးအောင်ငြိမ်းချမ်း | တ/၃၁၅၈ | ၁၀-၂-၂၀၂၆ | မှ | ယနေ့အထိ |
| ပုလောမြို့နယ်တရားရုံး | ဦးအောင်ခန့်ကျော် | တ/၃၀၅၄ | ၂၄-၄-၂၀၂၄ | မှ | ယနေ့အထိ |
| တနင်္သာရီမြို့နယ်တရားရုံး | ဦးထက်ဦးလွင် | တ/၃၃၆၈ | ၆-၁၂-၂၀၂၃ | မှ | ၂၃-၅-၂၀၂၅ |
| | ဦးရဲမောင်မောင် | တ/၃၂၄၂ | ၂၃-၅-၂၀၂၅ | | ယနေ့အထိ |
| ကော့သောင်းမြို့နယ်တရားရုံး | ဦးစောသိန်းကုဋေအောင် | တ/၃၁၇၁ | ၂၅-၄-၂၀၂၄ | မှ | ယနေ့အထိ |
| ဘုတ်ပြင်းမြို့နယ်တရားရုံး | ဦးထက်နိုင်လင်း | တ/၃၅၆၈ | ၁-၃-၂၀၂၄ | မှ | ၁၉-၉-၂၀၂၅ |
| | ဒေါ်ရတနာရွှေရည်ဝင်း | တ/၃၄၂၉ | ၁၉-၉-၂၀၂၅ | မှ | ယနေ့အထိ |

### ၁.၂.၄ ကလေးသူငယ်တရားရုံးများ

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး(၁၀)ရုံးတွင် မြို့နယ်အလိုက်ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်နိုင်ရန် သက်ဆိုင်ရာမြို့နယ်တရားသူကြီးများအား ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေ(၂၀၁၉) ပုဒ်မ ၈၂(ခ)အရ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းထားရှိပြီး ကလေးသူငယ်တရားရုံးများ ကို ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

## တရားရုံးစီမံခန့်ခွဲမှု

### ၁.၃ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် ဌာနတွင်းလုပ်ငန်းများကို စီမံဆောင်ရွက်ရန်၊ လက်အောက်တရားရုံးများကို ကြီးကြပ်ကွပ်ကဲရန်၊ ဘဏ္ဍာရေးကိစ္စရပ်များကို စီမံခန့်ခွဲရန်တာဝန်ရှိသည်နှင့်အညီ အထောက်အကူပြုသည့်အဖွဲ့နှင့် ကော်မတီများ ဖွဲ့စည်းထားရှိပါသည်-


- တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး ဦးဆောင်သည့် **"တနင်္သာရီတိုင်းဒေသကြီးတရားစီရင်ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးအဖွဲ့"**
- တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဆောင်သည့် **"တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ခုနှစ်တရားရုံးနှစ်စဉ်အစီခံစာပြုစုရေးလုပ်ငန်းအဖွဲ့"**

- တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဆောင်သည့် **"ကော့သောင်းခရိုင် နှင့် ကော့သောင်းမြို့နယ်တရားရုံး အဆောက်အဦ(၅)ထပ် RCCနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီ"**

- ဘုတ်ပြင်းခရိုင်တရားသူကြီး ဦးဆောင်သည့် **"ဘုတ်ပြင်းခရိုင်တရားရုံးမြေနေရာ ၂.၆ဧက မြေဖို့ခြင်းနှင့် ခြံစည်းရိုး (၁၄၀၀x၆)ပေ ကာရံခြင်းလုပ်ငန်းအတွက် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"**

## ၁.၃.၁ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ဖွဲ့စည်းပုံ

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးတရားသူကြီးချုပ်ရုံးနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က တာဝန်ယူဆောင်ရွက်ပြီး လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် တိုင်းဒေသကြီးတရားသူကြီးချုပ်ရုံးနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၏ ကြီးကြပ်မှု အောက်တွင်ဌာနခွဲများဖြင့်ဆောင်ရွက်လျက်ရှိပါသည်။






တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးလွန်းဘော်(တ/၂၅၀၃)

၂၈-၁၀-၂၀၂၅ရက်နေ့မှ ၁၀-၄-၂၀၂၆

### ၁.၃.၁.၂ တရားရုံးများစစ်ဆေးကြည့်ရှုခြင်း

တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများကို ကြီးကြပ်ကွပ်ကဲသူအဆင့်ဆင့်တို့မှ မိမိတာဝန်ယူရသည့် တရားရုံး အသီးသီးသို့ တရားရုံးများလက်စွဲအပိုဒ် ၉၉၇၊ တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၆/၉၈ နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ တို့အရ တစ်နှစ်လျှင် တစ်ကြိမ် ရုံးစစ်ဆေးခြင်းလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၅ခုနှစ်အတွင်း စစ်ဆေးခဲ့သည့် ရုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | စစ်ဆေးသူများ | တရားရုံးအမည် | စစ်ဆေးသည့် နေ့ရက် | စစ်ဆေးသည့် ခုနှစ် |
|---|---|---|---|---|
| ၁ | တရားလွှတ်တော်တရားသူကြီး ဒေါ်အေးအေးသန်း | ထားဝယ်ခရိုင်တရားရုံး | ၁၄-၆-၂၀၂၅ | ၂၀၂၄ ခုနှစ် |
| ၂ | တရားလွှတ်တော်တရားသူကြီး ဒေါ်ရင်ရင်သန်း | ကော့သောင်းခရိုင်တရားရုံး | ၂၆-၆-၂၀၂၅ မှ ၂၇-၆-၂၀၂၅ ထိ | ၂၀၂၄ ခုနှစ် |

| စဉ် | စစ်ဆေးသူများ | တရားရုံးအမည် | စစ်ဆေးသည့် နေ့ရက် | စစ်ဆေးသည့် ခုနှစ် |
|---|---|---|---|---|
| ၁ | ဦးဘုန်းမော် (တ/၂၇၃၅) တွဲဖက်ခရိုင်တရားသူကြီး ထားဝယ်ခရိုင်တရားရုံး | ထားဝယ်မြို့နယ်တရားရုံး | ၂၅-၁၀-၂၀၂၅ | ၂၀၂၄ ခုနှစ် |
| ၂ | ဒေါ်စုစန္ဒာဝင်း(တ/၂၃၃၂) ခရိုင်တရားသူကြီး မြိတ်ခရိုင်တရားရုံး | မြိတ်မြို့နယ်တရားရုံး | ၉-၈-၂၀၂၅ မှ ၁၀-၈-၂၀၂၅ ထိ | ၂၀၂၄ ခုနှစ် |
| ၃ | ဒေါ်ငွေငွေဆွေ (တ/၂၉၇၂) ဒုတိယခရိုင်တရားသူကြီး မြိတ်ခရိုင်တရားရုံး | ကျွန်းစုမြို့နယ်တရားရုံး | ၁၉-၁၂-၂၀၂၅ | ၂၀၂၄ ခုနှစ် |
| ၄ | ဒေါ်ယဉ်မွန်စိုး (တ/၃၀၃၃) ဒုတိယခရိုင်တရားသူကြီး ကော့သောင်းခရိုင်တရားရုံး | ကော့သောင်းမြို့နယ်တရားရုံး | ၁၇-၁၂-၂၀၂၅ မှ ၁၉-၁၂-၂၀၂၅ ထိ | ၂၀၂၄ ခုနှစ် |
| ၅ | ဦးကြည်ယု (တ/၃၀၆၇) ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) ဘုတ်ပြင်းခရိုင်တရားရုံး | ဘုတ်ပြင်းမြို့နယ်တရားရုံး | ၅-၁၂-၂၀၂၅ | ၂၀၂၄ ခုနှစ် |

### ၁.၄ ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု နှင့် တိုင်းဒေသကြီးတို့၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေမှခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေအရ လုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးတရားရေးဦးစီးမှူးက ဘဏ္ဍာရေးနှစ်အလိုက် ရငွေ-သုံးငွေများကို လက်အောက်တရားရုံးများအတွက် ခွဲဝေ၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်နှင့်၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်များ အတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အရ-အသုံးဆိုင်ရာဥပဒေ ရငွေလျာထားချက်နှင့် အမှန်ရငွေစာရင်းကိုလည်းကောင်း၊ ခွဲဝေပေးသည့် ငွေလုံးငွေရင်း၊ သာမန်အသုံးစရိတ်တို့နှင့်စပ်လျဉ်း၍ ခွင့်ပြုငွေအမှန်သုံးစွဲငွေစာရင်းကိုလည်းကောင်း အောက်ပါဇယားအသီးသီးဖြင့် ဖော်ပြထားပါသည်။

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် သာမန်ရငွေ၊ လျာထားချက်နှင့် အမှန်ရငွေစာရင်း ၊**

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် သာမန်ရငွေ၊ လျာထားချက်နှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း (ကျပ်ထောင်ပေါင်း)**

| စဉ် | အကြောင်းအရာ | ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် | | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|---|---|---|
| | | လျာထားချက် | | အမှန်ရငွေ | | လျာထားချက် | အမှန်ရငွေ |
| | | တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ | ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ | တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ | ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ | တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ | တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ |
| ၁။ | ပစ္စည်းများရောင်းချ ရငွေနှင့် ဆောင်ရွက် ပေး မှုအတွက် ရငွေများ | ၄၆၆၆၀ | ၂၃ | ၂၂၉၈၇၁ | ၂၁ | ၄၅၅၁၀ | ၁၁၇၁၂၇ |
| ၂။ | အခြားရငွေများ ဒဏ်ငွေများနှင့် ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်း | ၂၄၅၂၀၀ | - | ၄၆၂၀၇၂ | ၅၆၀ | ၂၅၂၃၇၂ | ၆၀၉၉၁၁ |
| | **စုစုပေါင်း** | ၂၉၁၈၆၀ | ၂၃ | ၆၉၂၀၄၃ | ၅၈၁ | ၂၉၇၈၈၂ | ၇၂၇၀၃၈ |

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ နှင့် အမှန်သုံးစွဲမှုအခြေအနေ ၊**

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း (ကျပ်ထောင်ပေါင်း)**

| စဉ် | ငွေစာရင်းခေါင်းစဉ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|
| | | ခွင့်ပြုငွေ | အမှန်သုံးငွေ | ခွင့်ပြုငွေ | အမှန်သုံးစွဲငွေ | ပြန်အပ်ငွေ |
| ၁။ | ငွေလုံးငွေရင်းအသုံး စရိတ် | ၁၅၃၅၄၈၆ | ၁၅၃၅၄၈၆ | ၁၅၂၅၆၃၀ | ၁၅၂၅၆၃၀ | ၁၁၁၀၀ |
| ၂။ | သာမန်အသုံးစရိတ် | ၂၀၈၂၀၄ | ၂၀၈၂၀၄ | ၇၉၁၃၂၃ | ၇၉၁၃၂၃ | |

# အပိုင်း (၂)

## ၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

### ၂.၁ တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းခြင်း


မဟာဗျူဟာရည်မှန်းချက် ၁.၁ အရ ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် တိုင်းဒေသကြီးတရားလွှတ်တော်သည် လောင်းလုံး၊ သရက်ချောင်း၊ မြိတ်၊ ပုလော၊ ဘုတ်ပြင်း မြို့နယ်တို့မှအပ တိုင်းဒေသကြီးနှင့် ထားဝယ်၊ ရေဖြူ ၊ ကျွန်းစု၊ တနင်္သာရီ၊ ကော့သောင်း မြို့နယ်တို့တွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပါသည်။

### ၂.၂ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း

လုံခြုံရေးအခြေအနေအရ ရုံးရှေ့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေးအဆင်ပြေချောမွေ့စေရန် ၊ အမှုများ ကြန့်ကြာမှုမရှိစေရန်အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၌ သီးသန့်တရားရုံးများကိုဖွဲ့စည်း၍ စစ်ဆေးစီရင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ သီးသန့်တရားရုံးများသို့ စွဲဆိုတင်ပို့ခဲ့သောအမှု (၃၀)မှု ရှိခဲ့ပြီး ယခင်လက်ကျန်မှုများအပါအဝင် (၂၉)မှု စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့်အမှုအရေအတွက်ကို **နောက်ဆက်တွဲ(ခ)**ဖြင့် လည်းကောင်း၊ ရုံးထိုင်စစ်ဆေးခဲ့သော တရားသူကြီး ဦးရေကို **နောက်ဆက်တွဲ (ခ-၁)**ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

### ၂.၃ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀-၂-၂၀၂၂ ရက်စွဲပါ စာအမှတ် ၁၆/၁၂၉/ပတခ (၁၆၀၀/၂၀၂၂)အရ တိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနတွင် ၁-၈-၂၀၂၂ ရက်နေ့မှစ၍ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် လက်ခံရရှိမှု(၄၃)မှုအနက် (၂၈)မှုသည် အမှုသည်လာရောက်ခြင်းမရှိ၍ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်ခြင်း မရှိပါ။နှစ်ဖက်အမှုသည်စုံလင်သော တရားမကြီးမှု(၁၄)မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်ခဲ့ပြီး ငွေကြေးဆိုင်ရာအမှု(၃)မှုနှင့် မိသားစုဆိုင်ရာအမှု(၄)မှုတို့ စေ့စပ်ဖြေရှင်းရေးအောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ အမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ဖြစ်ပါသည်။



### ၂.၃.၁ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တွင် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို ၂၀၂၅ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိပါ။

### ၂.၃.၂ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးသော အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုပေါင်း (၇)မှုရှိသည့်အနက် (၇)မှုကို သက်ဆိုင်ရာတရားရုံးက အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှု(၇)မှုတွင် ထားဝယ်ခရိုင်တရားရုံးမှ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု(၄)မှု၊ ငွေရလိုမှု(၁)မှု၊ ထားဝယ်မြို့နယ်တရားရုံးမှ ငွေရလိုမှု(၁)မှုနှင့် လောင်းလုံးမြို့နယ် တရားရုံးမှ ငွေရလိုမှု(၁)မှုတို့ဖြစ်ပါသည်။ ယင်းအမှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုပေးပို့သည့်နေ့မှ တရားရုံးအမိန့်ချမှတ်သည်အထိ ကြာမြင့်ချိန်မှာ အနည်းဆုံးအချိန်(၁)လမှ အများဆုံးအချိန်(၂)လခွဲခန့် သာဖြစ်ပါသည်။

နှစ်ဖက်အမှုသည်စုံလင်ပြီး မအောင်မြင်သော (၇)မှုမှာ စေ့စပ်ဖြေရှင်းသော်လည်း သဘောတူညီချက်ရရှိရန် အလားအလာမရှိခြင်း (၅)မှုနှင့် အမှုသည်များမှ စေ့စပ်ဖြေရှင်းလိုသောဆန္ဒမရှိခြင်း (၂)မှုတို့ ဖြစ်ပါသည်။

### ၂.၃.၃ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအား အများပြည်သူလက်လှမ်းမီမှုရှိစေရေး၊ ယင်းစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ဆိုင်းဘုတ်၊ပိုစတာ၊ ဗွီနိုင်းများချိတ်ဆွဲထားရှိခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လိုအပ်သည့်သင်တန်းများ ထိထိရောက်ရောက်ပို့ချခြင်းနှင့် ဆွေးနွေးပွဲများအခါအားလျော်စွာကျင်းပခြင်းတို့ကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂.၄ မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးအာဏာများအပ်နှင်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာစစ်ဆေးနိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မူပိုင်ခွင့်တရားရုံးများသို့ အာဏာအပ်နှင်းဆောင်ရွက်စေခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများအား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်ခွင့်မူပိုင်ခွင့်ဥပဒေတို့အရ ရာဇဝတ်ကြောင်းအရစွဲဆိုသည့်မှုခင်းများအား စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် (၂၃၆/၂၀၂၃)၊ (၉၅၆/၂၀၂၃)၊ (၉၆၂/၂၀၂၃) နှင့် (၆၉၀/၂၀၂၄)တို့ဖြင့် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းခဲ့ပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်အား မိမိစီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ခရိုင်တရားရုံးများက ကုန်အမှတ်တံဆိပ်မှုပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမှုပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမှုပိုင်ခွင့်ဥပဒေ၊ တီထွင်ခွင့်မှုပိုင်ခွင့် ဥပဒေတို့အရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် (၂၃၇/၂၀၂၃)၊ (၉၅၇/၂၀၂၃)၊ (၉၆၃/၂၀၂၃) နှင့် (၆၉၁/၂၀၂၄)တို့ဖြင့် စီရင်ပိုင်ခွင့် အာဏာများကို အပ်နှင်းခဲ့ပါသည်။

## ၂.၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲ ပေးပြီးစီးမှုအခြေအနေ

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ အရာထမ်းများ၊ အမှုထမ်းများ အောင်မြင်စွာမဲပေးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | ဆန္ဒမဲပေးသူ | | မှတ်ချက် |
|---|---|---|---|
| | အရာထမ်း | အမှုထမ်း | |
| ရွေးကောက်ပွဲအပိုင်း(၁) | ၃၀ | ၁၀၁ | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး ဆန္ဒမဲ ပေးခဲ့ပြီးဖြစ်ပါသည် |
| ရွေးကောက်ပွဲအပိုင်း(၂) | ၃ | ၁၀ | |
| ရွေးကောက်ပွဲအပိုင်း(၃) | ၂ | ၉ | |

## ၂.၆ လူစွမ်းအားအရင်းအမြစ်များ

၂၀၂၅ခုနှစ်တွင် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်တရားရုံး (၄)ရုံး ၊ မြို့နယ်တရားရုံး (၁၀)ရုံးတို့တွင် တရားရေးအရာရှိ/တရားသူကြီး (၃၂)ဦး နှင့် အခြားအဆင့်ဝန်ထမ်း (၁၂၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ အခြားအဆင့်ဝန်းထမ်း (၁၂၇)ဦးတွင် အကြီးတန်းစာရေးမှ ဌာနခွဲစာရေးသို့ ရာထူးတိုးမြှင့်ခန့်ထားနိုင်ခဲ့သူ (၂)ဦး ပါဝင်ပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်တရားရုံးများရှိ တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို **နောက်ဆက်တွဲ(ဂ)ဖြင့်လည်းကောင်း၊** ပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (ဃ)ဖြင့်လည်းကောင်း** ဖော်ပြထားပါသည်။

### ၂.၆.၁ လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

တိုင်းဒေသကြီးတရားလွှတ်တော်သည် ပြည်သူများယုံကြည်အားထားရသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာရေးအတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ခုနှစ်တွင် တိုင်းဒေသကြီး တရားလွှတ်တော်၌ စာရေးဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူဦးရေ (၉)ဦးဖြင့်လည်းကောင်း၊ အခြေခံ ကွန်ပျူတာသင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူဦးရေ (၉)ဦးဖြင့်လည်းကောင်း၊ တရားရုံးသတင်းပြန်ကြားရေးနှင့်သတင်းမီဒီယာသင်တန်း အမှတ်စဉ် ၁/၂၀၂၅ ကို တရားရေးအရာရှိ/တရားသူကြီး (၃၂)ဦး၊ Online ဖြင့် တက်ရောက်သူ (၂၂)ဦး၊ ကိုယ်တိုင်တက်ရောက်သူ (၁၀)ဦးဖြင့် လည်းကောင်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

မြိတ်ခရိုင်တရားရုံးတွင် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအမှတ်စဉ် ၁/၂၀၂၅ ကို သင်တန်းသားဦးရေ (၁၀)ဦးဖြင့် လည်းကောင်း၊ ကော့သောင်းခရိုင်တရားရုံးတွင် စာရေး ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူ ဦးရေ (၆)ဦးဖြင့်လည်းကြောင်း၊ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူဦးရေ (၆)ဦး ဖြင့်လည်းကောင်း၊ ဘုတ်ပြင်းခရိုင်တရားရုံးတွင် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူ ဦးရေ (၆)ဦးဖြင့်လည်းကောင်း၊ အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ် ၁/၂၀၂၅ကို သင်တန်းသား/သူဦးရေ (၆) ဦးဖြင့်လည်းကောင်း သင်ကြားပေးနိုင် ခဲ့ပါသည်။





### ၂.၆.၂ ပြည်ပအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်မည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ပြည်ပနိုင်ငံများတွင် ကျင်းပသည့် အစည်းအဝေး၊ သင်တန်း၊ ညီလာခံသို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်ထိပ်ထားလေး(တ/၂၈၇၉)သည် အိန္ဒိယနိုင်ငံ၊ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒီမီတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပသည့် တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (အဋ္ဌမ)အကြိမ်သို့ တက်ရောက်ခဲ့ပါသည်။



**တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေး အဆင်ပြေစေရန် ဆောင်ရွက်ခြင်း**

### ၂.၇ တရားရုံးသစ်များဆောက်လုပ်ခြင်း

တိုင်းဒေသကြီးတရားလွှတ်တော်သည် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တရားရုံးအဆောက်အဦများ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်တရားရုံး အဆောက်အဦ (၅)ထပ် RCC နှင့် ဆက်စပ်လုပ်ငန်းများတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်း ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၃၉၀၅.၄၈၆ ဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ လမှ ၂၀၂၂ ခုနှစ်၊ မတ် လအထိ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ပါသည်၊

ကော့သောင်းခရိုင်တရားရုံးနှင့် ကော့သောင်းမြို့နယ်တရားရုံး အဆောက်အဦသစ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၊ ပြည်ထောင်စုတရားသူကြီးချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၃-၇-၂၀၂၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။







ကော့သောင်းခရိုင်တရားရုံး နှင့် ကော့သောင်းမြို့နယ်တရားရုံး အဆောက်အဦသစ် ဖွင့်လှစ်ခြင်း (၂၃-၇-၂၀၂၅)

တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦအသစ် ဆောက်လုပ်နိုင်ရန်အတွက် ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ်-၉၈၀၊ မြေဧရိယာ (၂.၃၀)ဧကနှင့် ဦးပိုင်အမှတ်-၁၀၄၆၊ မြေဧရိယာ(၁.၅၅၅)ဧက၊ စုစုပေါင်းမြေဧရိယာ (၃.၈၅၅)ဧကဖြင့် အခမဲ့မြေလွှဲမိန့်ရရှိပြီး ဖြစ်ပါသည်။ ယင်းမြေနေရာသစ်တွင် မြေဖို့ခြင်း၊ မြေဖြန့်ပေးခြင်း၊ ကျစ်လစ်သိပ်သည်းအောင်ပြုလုပ်ခြင်း အတွက် ကျပ်သန်း ၇၂၃.၀၀၀ နှင့် ပြင်ပရေသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁၃၅.၀၀၀ ကို လည်းကောင်း၊ ဘုတ်ပြင်းခရိုင်တရားရုံးအဆောက်အဦအသစ် ဆောက်လုပ်ရန် မြေဧရိယာ(၂.၆)ဧကပေါ်တွင် မြေဖို့ခြင်းနှင့် (၁၄၀၀ပေ x ၆ပေ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၅၇၈.၉၀၀ ဖြင့် တင်ဒါအောင်မြင်သည့် ဂရိတ်တော်ဝင်မြန်မာကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လုပ်ငန်း၏ ၁၀၀% ပြီးစီးပြီးဖြစ်ပါသည်။

### ၂.၇.၁ တနင်္သာရီတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ခွဲဝေပေးသည့် လုပ်ငန်း များအတွက် ဆောင်ရွက်ခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ကော့သောင်းခရိုင်တရားရုံးနှင့် ကော့သောင်းမြို့နယ်တရားရုံးတို့တွင် ၂၀၀၀ လီတာ Fiber Tank (၉)လုံးရေရရှိရေးဆောင်ရွက်ရန်အတွက် ကျပ်သန်း ၁၃.၆၃၆ ကိုခွဲဝေချထားပေးခဲ့၍ ၂-၃-၂၀၂၆ ရက်နေ့တွင် လုပ်ဆောင်ပြီးစီးပြီးဖြစ်ပါသည်။

## ၂.၈ တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ဝန်ထမ်းရေးရာကိစ္စရပ်များတွင် တိုင်းဒေသကြီးတရားလွှတ်တော်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှု၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ထမ်းဆောင်ရာတွင်မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သော အရေးယူဆောင်ရွက်ခြင်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ခုနှစ်တွင် တရားသူကြီးချုပ်ထံ လိပ်မူတိုင်ကြားစာ (၁)စောင်၊ အသနားခံစာ(၅)စောင်၊ တင်ပြစာ(၄)စောင်၊ မိတ္တူပေးပို့သည့် အသနားခံစာ (၄)စောင်၊ တင်ပြစာ(၃)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပေးပို့သည့် တိုင်စာ(၁)စောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ပေးပို့သည့် တိုင်စာ(၂)စောင်တို့ကို လက်ခံရရှိ၍ နည်းလမ်းတကျစိစစ်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၅ခုနှစ်တွင် ထားဝယ်မြို့နယ်တရားရုံးမှ ရုံးဝန်ထမ်း (၁)ဦးအား ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (င)** ဖြင့် ဖော်ပြထားပါသည်။

### ၂.၈.၁ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ

၂၀၂၅ခုနှစ်တွင် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်တရားရုံးများ၌ ရှေ့နေများအပေါ် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်မှုကိစ္စရပ်များ မရှိပါ။

၂၀၂၅ ခုနှစ်အတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများတွင် သက်တမ်းတိုးလျှောက်ထားသည့် အထက်တန်းရှေ့နေများ၏ AML/CFT ဆိုင်ရာ offsite စစ်တမ်းလွှာများကို ပြည့်စုံမှုရှိမရှိ သေချာစွာ စိစစ်ပြီးနောက် ပြည့်စုံမှုရှိသည့် ထားဝယ်ခရိုင်တရားရုံးတွင် (၄၃)ဦး၊ မြိတ်ခရိုင်တရားရုံးတွင် (၄၂)ဦး၊ ကော့သောင်းခရိုင်တရားရုံးတွင် (၂၆)ဦး၊ ဘုတ်ပြင်းခရိုင်တရားရုံးတွင် (၂) ဦးတို့ကို သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### ၂.၈.၂ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူ များနှင့်ပတ်သက်၍ ဥပဒေအရ ရသင့်ရထိုက်သောအခွင့်အရေးများခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ၂၀၂၅ခုနှစ်အတွင်း တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများသည် အကျဉ်းထောင် (၃)ခု နှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၃)ခုတို့အားလည်းကောင်း၊ ခရိုင်တရားသူကြီးများသည် အကျဉ်းထောင် (၁)ခု နှင့် ရဲတပ်ဖွဲ့အချုပ် စခန်း(၄)ခုတို့အားလည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသား/သူများနှင့် အချုပ်သား/သူများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန်မှာကြားခဲ့ပါသည်။







**ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံခြင်း**

**၂.၈.၃ ရုံးခွန်**

တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ လက်အောက်တရားရုံးများ၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများမှ လည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၅ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ ၆၀၉၁၅၈၁၈/-ဖြစ်ပါသည်။

**၂၀၂၅ခုနှစ်အတွင်း ကောက်ခံရရှိသည့် ရုံးခွန်အခြေပြဇယား**

| တရားရုံးများ | ရုံးခွန်ရရှိငွေ (ကျပ်) |
|---|---|
| **တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်** | ၁၄,၉၁၀,၉၈၃ |
| **ခရိုင်တရားရုံး (၄)ရုံး** | ၄၀,၃၀၂,၇၅၀ |
| **မြို့နယ်တရားရုံး (၁၀)ရုံး** | ၅,၇၀၂,၀၈၅ |
| **စုစုပေါင်း** | ၆၀,၉၁၅,၈၁၈ |

**၂.၈.၄ ဒဏ်ငွေ**

တိုင်းဒေသကြီးတရားလွှတ်တော်သည် နှစ်စဉ်ထုတ်ပြန်သည့် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအရ - အသုံး ဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို တိုင်းဒေသကြီးတရားလွှတ်တော်၏ ရငွေများ အဖြစ် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၅ခုနှစ်အတွင်း တပ်ရိုက်ခဲ့သော ဒဏ်ငွေစုစုပေါင်းမှာ ၂၂,၄၄၀,၀၀၀/- ဖြစ်ပါသည်။

